## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး

## တိုကျိုမြို့

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဂျပန်နိုင်ငံ၌ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅)များကို သံရုံးတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက် ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅)များကို သံရုံးသို့ပေးပို့နိုင်မည့် နေ့ရက်များ အသိပေးထုတ်ပြန်ချက် (၁)

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်အသီးသီးအလိုက် မဲဆန္ဒနယ်များ သတ်မှတ်ကြေညာချက်ကို ၁၅-၈-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက် (၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်) တနင်္ဂနွေနေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ကို ၁၈-၈-၂၀၂၅ ရက်နေ့တွင်လည်းကောင်း အသီးသီး ထုတ်ပြန်ကြေညာပြီး ဖြစ်ပါသည်။ အဆိုပါထုတ်ပြန်ကြေညာချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ website ဖြစ်သော https://www.uec.gov.mm တွင် download ရယူနိုင်ပါသည်။

၂။ ယခုအခါ ပြည်ပရောက် မဲဆန္ဒရှင်များမှ ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့်နေ့ရက်၊ အချက်အလက် ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၂(က)အရ အောက်ပါနေ့ရက်များကို ကြေညာချက်အမှတ် (၆၂/၂၀၂၅) ဖြင့် ၂၁-၈-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်-

| | |
|---|---|
| (၁) ပြည်ပရောက်မဲဆန္ဒရှင်များမှကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅)များကို သက်ဆိုင်ရာ သံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက် | ၂၁-၈-၂၀၂၅ |

| | | |
|---|---|---|
| (၂) | ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို မြန်မာသံရုံး၊ တိုကျိုမြို့သို့ ပေးပို့နိုင်မည့်နေ့ရက် | ၂၁-၈-၂၀၂၅ မှ ၈-၉-၂၀၂၅ |

၃။ သို့ဖြစ်ပါ၍ ဂျပန်နိုင်ငံတွင် နေထိုင်လျက်ရှိပြီး မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော ပြည်ပရောက်မဲဆန္ဒရှင် မြန်မာနိုင်ငံသားများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေး တောင်းခံနိုင်ရန်အတွက် ပုံစံ (၁၅) https://www.uec.gov.mm/PDF/Form(15).pdf ကို ဤကြေညာချက်နှင့်အတူ ပူးတွဲဖော်ပြထားပါသည်။ အဆိုပါ ပုံစံ (၁၅) ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ website https://www.uec.gov.mm မှလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ website https://www.mofa.gov.mm မှလည်းကောင်း၊ မြန်မာသံရုံး၊ တိုကျိုမြို့၏ website https://myanmarembassytokyo.org/ မှလည်းကောင်း ရယူနိုင်ပါကြောင်းလည်း အသိပေးကြေညာအပ်ပါသည်။

၄။ ပြည့်စုံစွာဖြည့်စွက်ထားသည့် ပုံစံ (၁၅) ကို သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ၊ မြန်မာနိုင်ငံရှိ အိမ်ထောင်စုစာရင်းမိတ္တူတို့နှင့်အတူ မြန်မာသံရုံး၊ တိုကျိုမြို့၏ အောက်ဖော်ပြပါ လိပ်စာသို့ လူကိုယ်တိုင်လည်းကောင်း၊ စာတိုက်မှလည်းကောင်း၊ သံရုံး၏အောက်ဖော်ပြပါ အီးမေးလ်သို့ လည်းကောင်း **၈-၉-၂၀၂၅ ရက်နေ့** နောက်ဆုံးထား၍ ပြန်လည်ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်-

Embassy of the Republic of the Union of Myanmar
4-8-26 Kita Shinagawa, Shinagawa-ku, Tokyo 140-0001
Tel : 03-3441-9291
Email : election2025@myanmarembassytokyo.org

၅။ နောက်ဆုံးသတ်မှတ်ရက် ၈-၉-၂၀၂၅ ရက်နေ့ထက် နောက်ကျ၍ ရောက်ရှိသော ပုံစံ (၁၅) များကို ကြိုတင်ဆန္ဒမဲပေးရမည့် စာရင်းတွင် ထည့်သွင်းခြင်းခံရမည်မဟုတ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက် အမှတ် (၅၀/၂၀၂၅)၊ (၅၁/၂၀၂၅)၊ (၅၂/၂၀၂၅)၊ (၅၃/၂၀၂၅)တို့ဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ် ၃၃၀ ပါဝင်သော မဲဆန္ဒနယ်များကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ကြိုတင်ဆန္ဒမဲပေးလိုသည့် ပြည်ပရောက်မဲဆန္ဒရှင်တိုင်းသည် ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် မဲပေးနိုင်ရေး ပုံစံ(၁၅)တောင်းဆိုရာတွင် သတ်မှတ်ကာလ ၂၁-၈-၂၀၂၅ ရက်နေ့မှ ၈-၉-၂၀၂၅ ရက်နေ့အတွင်း မြို့နယ် ၃၃၀ အနက် မိမိနှင့်သက်ဆိုင်သည့် မြို့နယ်အတွက် ပုံစံ(၁၅)ဖြင့် တောင်းဆိုရန် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

၇။ ကြိုတင်ဆန္ဒမဲတောင်းခံသူ မဲဆန္ဒရှင်များအနေဖြင့် ပုံစံ (၁၅) ပါ အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ပေးရန်၊ ပြည်ပနေရပ်လိပ်စာအား အင်္ဂလိပ်ဘာသာဖြင့် မြို့/နိုင်ငံအမည်များ ကို ပြည့်စုံစွာရေးသားဖော်ပြရန်၊ တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာအား မြန်မာဘာသာဖြင့် မိမိတို့၏ အိမ်ထောင်စုစာရင်း တည်ရှိရာလိပ်စာကို ပြည့်စုံစွာ ဖော်ပြရန်၊ ဖြည့်စွက်ပြီး ပုံစံ (၁၅) များကို အီးမေးလ်ဖြင့် ပေးပို့ပါက ဖတ်ရှုနိုင်သော ကြည်လင်ပြတ်သားသည့်အနေအထားဖြင့် ပေးပို့ရန် ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၈။ ဂျပန်နိုင်ငံရောက် ကြိုတင်ဆန္ဒမဲတောင်းခံသူ မဲဆန္ဒရှင်များ ပုံစံ (၁၅)ကို အဆင်ပြေ ချောမွေ့စွာ ဖြည့်စွက်နိုင်ရေးအတွက် သတ်မှတ်ချက်နှင့်အညီ ဖြည့်စွက်ထားသည့် နမူနာပုံစံ (၁၅)ကိုလည်း ပူးတွဲ ဖော်ပြအပ်ပါသည်။ ဂျပန်နိုင်ငံရောက် ကြိုတင်ဆန္ဒမဲတောင်းခံသူ မဲဆန္ဒရှင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မြန်မာသံရုံးမှ အဆင်ပြေချောမွေ့စွာ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကြိုတင်ဆန္ဒမဲတောင်းခံသူ၏ အမည်၊ ဖုန်းနံပါတ် နှင့် အီးမေးလ်လိပ်စာတို့ကိုလည်း ပုံစံ(၁၅)နှင့်အတူ သီးခြားစာရွက်ဖြင့် ထည့်သွင်းပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၉။ ယခုအသိပေးကြေညာချက်အား မိမိတို့နှင့်နီးစပ်ရာ မြန်မာနိုင်ငံသားများထံ ဖြန့်ဝေအသိ ပေးနိုင်ပါရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာသံရုံး၊ တိုကျိုမြို့

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်

ပုံစံ (၁၅)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်**
**ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ**

[ နည်းဥပဒေ ၈၁ (က)၊ ၈၂ (က) ]

ဥက္ကဋ္ဌ

-------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ --------------- သည် ----------------- ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် သက်ဆိုင်ရာ မြို့နယ်၏ပြင်ပသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ ကျွန်မနှင့်ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ------------------------------------------------------------------------

(၂) တိုင်းရင်းသားလူမျိုး ------------------------------------------------------------------------

(၃) နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် -----------------------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) ----------------------------------------------------------------------

(၅) အဘအမည် -----------------------------------------------------------------------------

(၆) အမိအမည် ------------------------------------------------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ - အမှတ် ( )

---------------လမ်း/ကျေးရွာ၊ ---------------- ရပ်ကွက်/ကျေးရွာအုပ်စု၊

---------------မြို့နယ်၊ -------------------- တိုင်းဒေသကြီး/ပြည်နယ်

(၈) တောင်းဆိုသူ ယခုရောက်ရှိနေသည့် -----------------------------------------------------

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ဌာန (ပြည်တွင်း) ---------------------------------------------

(၉) တောင်းဆိုသူ ယခုရောက်ရှိနေသည့် -----------------------------------------------------

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ နိုင်ငံ (ပြည်ပ)-----------------------------------------------

------------------------------------------------------------------------------------------

(နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်)

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ ----------------------

(*တောင်းဆိုသူ၏အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်း ဖြစ်ရမည်)

**ကြိုတင်ဆန္ဒမဲ တောင်းခံသူ မဲဆန္ဒရှင် မြန်မာနိုင်ငံသားထံ ဆက်သွယ်ရန် အချက်အလက်များ**

အမည် ------------------------------------------------------------------------------

ဖုန်းနံပါတ် ------------------------------------------------------------------------------

Email address ------------------------------------------------------------------------------

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၈၁ (က)၊ ၈၂ (က) ]

ဥက္ကဋ္ဌ
စမ်းချောင်း - - - - - မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ - - - ဦးဖြူ - - - သည် ၂၀၂၅ ခုနှစ်၊ အထွေထွေ ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် သက်ဆိုင်ရာ မြို့နယ်၏ပြင်ပသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် - - - - - - - ဦးဖြူ - - - - - - - - - - - - - -

(၂) တိုင်းရင်းသားလူမျိုး - - - - - - - - - - - ဗမာ - - - - - - - - - - - - - - - - - -

(၃) နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ၁၂/စခန (နိုင်) ၀၁၂၂၄၅ - - -

(၄) မွေးသက္ကရာဇ် (အသက်) - ၂၅-၃-၁၉၉၀ - (၃၅ နှစ်) - - - -

(၅) အဘအမည် - - - ဦးဘ - - - - - - - - - - - - - - - - - - - - - - - - -

(၆) အမိအမည် - - - ဒေါ်လှလှ - - - - - - - - - - - - - - - - - - - - - -

ရက်၊ လ၊ နှစ် အစဉ်အတိုင်း ဖြည့်စွက်ပါ။

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ် ( ၂၅ ) ကျွန်းတော - - - - - - - - - - လမ်း/ကျေးရွာ - - - - - ၁၉ - - - - ရပ်ကွက်/ကျေးရွာအုပ်စု၊ စမ်းချောင်း မြို့နယ်၊ - - - - - ရန်ကုန် - - - တိုင်းဒေသကြီး/ပြည်နယ်

မြန်မာဘာသာဖြင့် ဖြည့်စွက်ပါ။

(၈) တောင်းဆိုသူ ယခုရောက်ရှိနေသည့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ဌာန(ပြည်တွင်း) - - - - - - - - - - - - - - - - - - -

(၉) တောင်းဆိုသူ ယခုရောက်ရှိနေသည့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ နိုင်ငံ(ပြည်ပ) - **4-8-26, Minato Ward, Sinagawa City, Tokyo 140-005, Japan** - - - - - - - - - - - - - - - - - - - - - - - - - - - -

အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက်ပါ။

**(နိုင်ငံအမည်နှင့်မြို့အမည်ကို မြန်မာ သို့မဟုတ် အင်္ဂလိပ်အက္ခရာဖြင့်ရေးသွင်းရန်)**

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ - - - - - - - - - - - - - -

**(* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်းဖြစ်ရမည်။)**